# ဒုက္ခသည်ကူညီရေးဌာနချုပ်RHQဆိုသည်မှာ

## ဒုက္ခသည်ဆိုသည်မှာ

အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသည့်ဒုက္ခသည်ဆိုသည်မှာလူမျိုး။ဘာသာ။နိုင်ငံသားနိုင်ငံနှင့်သတ်မှတ်ထားသောလူ့အဖွဲ့အစည်းတစ်ခု၏အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် နိုင်ငံရေးအမြင်ကိုအကြောင်းပြု၍ညှဉ်းပန်းနှိပ်စက်မှုကိုခံရမည်ဆိုသည့်ကြောက်လန့်စရာကောင်းသောအကြောင်းရင်းရှိသည့်အတွက် နိုင်ငံသားနိုင်ငံမဟုတ်သည့်နိုင်ငံတွင်ရောက်ရှိနေသူဖြစ်ပြီးမိမိနိုင်ငံသားနိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုကိုရယူနိုင်ခြင်းမရှိသူသို့မဟုတ်ရယူလိုခြင်းမရှိသူဖြစ်ပြီးမည်သည့်နိုင်ငံ၏နိုင်ငံသားမှဖြစ်နေခြင်းမရှိသူ။မိမိ၏နိုင်ငံသို့ပြန်သွားလိုခြင်းမရှိသူကိုခေါ်ပါသည်။၂၀၀၉ခုနှစ်ဒီဇင်ဘာလ၃၁ရက်ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးက ကာကွယ်မှုနှင့်ကူညီမှုပေးရမည့်ဒုက္ခသည်နှင့်ပြည်တွင်းနေထိုင်နေသည့်ဒုက္ခသည်ဦးရေမှာ၃၆၅သိန်းရှိပါသည်။ ထို့အပြင်များစွာသောသူများလည်းခိုလှုံရာနေရာလိုအပ်နေသည်ဟုခန့်မှန်းထားပါသည်။ထိုကဲ့သို့သောဒုက္ခသည် ပြည်တွင်းတွင်နေထိုင်နေသည့်ဒုက္ခသည်များအားကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးကဦးဆောင်ပြီးဂျပန်နိုင်ငံအပါအဝင်နိုင်ငံပေါင်းများစွာကနိုင်ငံတကာအနေဖြင့် ကာကွယ်စောင့်ရှောက်မှုနှင့်ကူညီရေးလုပ်ရှားမှုများကိုဆောင်ရွက်နေပါဘည်။၂၀၀၉ခုနှစ်၏ခန့်မှန်းထားသည့် ကမ္ဘာ့လူဦးရေ၆.၈၂၉ဘီလီယံမှာဒုက္ခသည်၃၆၅သိန်းရှိသည်ဆိုသည့်အချိုးပေါ် အခြေခံပြီးတွက်ပါကကမ္ဘာပေါ် တွင်လူ၁၈၇ယောက်တိုင်းမှာ၁ယောက်သည်ဒုက္ခသည်ဖြစ်နေပါသည်။

## အင်ဒိုချိုင်းနားဒုက္ခသည်

၁၉၇၅ခုနှစ်ဗီယက်နမ်။လာအို။ကမ္ဘောဒီးယားစသည့်အင်ဒိုချိုင်းနားသုံးနိုင်ငံတွင်ဖြစ်ပွားခဲ့သည့်စစ်ပွဲများပြီးသည့် နောက်ဒီမိုကရေစီရရှိရေးအတွက်ပြည်တွင်းစစ်ဖြစ်ခဲ့သည်မှလွတ်မြောက်ရန်လှေဖြင့်နိုင်ငံခြားတိုင်းပြည်သို့ထွက် ပြေးခြင်း။ကုန်းလမ်းမှအနီးရှိနိုင်ငံများသို့ထွက်ပြေးခြင်းကိုပြုလုပ်ခဲ့သူများဖြစ်ကြပါသည်။ဦးရေ၁၃သိန်းခန့်ရှိ သည့်ဒုက္ခသည်များကအာရှတိုက်အတွင်းရှိနိုင်ငံများ၏ဒုက္ခသည်စခန်းများသို့သွားရောက်ခဲ့ပြီးလှေဖြင့်ထွက်ပြေး လာခဲ့သူအနေနှင့်အမေရိကန်။ဩစတြေးလျ။ကနေဒါနှင့်ဂျပန်တို့တွင်အခြေချနေထိုင်ကြပါသည်။

## ဒုက္ခသည်များစွာပေါ်ထွက်နေသည့်အဓိကနိုင်ငံများ

(၂၀၀၉ခုနှစ်ဒီဇင်ဘာလ၃၁ရက်နေ့စာရင်းလူဦးရေ)(UNHCRအချက်အလက်များ)




Copyright (C) 2011 Refugee Assistance Headquarters. All Rights Reserved.